## COVID-19 အကျပ်အတည်းအပေါ် အရပ်ဘက်ပြည်သူ့အဖွဲ့အစည်းများ၏

## ရပ်တည်ချက်နှင့် ဆန်းစစ်ဝေဖန်ခြင်းများ

၂၈ မတ်လ၊ ၂၀၂၀ ။

လူ့ပိုင်ခွင့်၊ လူ့သိက္ခာ၊ ဒီမိုကရေစီနှင့် တရားမျှတမှု တန်ဖိုးများကို အလေးမထားပါက ကျွန်ုပ်တို့ကို ပိုမို၍ အထိနာစေတော့မည်။

၁။ ကျွန်ုပ်တို့ ရှင်သန်ရာ ကမ္ဘာကြီးသည် ကာလတိုအတွင်း ကြီးမားစွာ ပြောင်းလဲသွားခဲ့ပါပြီ။ နိုင်ငံတစ်ခုလုံး အဝင်အထွက် ပိတ်လိုက်ကြသည်။ ပြည်နယ်အလိုက် အဝင်အထွက် ပိတ်လိုက်ကြသည်။ နယ်စပ်များကို ပိတ်ဆို့လိုက်ကြသည်။ နေအိမ်များတွင် နေထိုင်ကြရန် ပြဌာန်းညွှန်ကြားကြသည်။

၂။ ကျွန်ုပ်တို့ကို ကြီးမားစွာ ရိုက်ခတ်လာတော့မည့် မရေရာသည့် အခြေအနေများအတွက် ပြည်သူအားလုံး စိုးရိမ်သောက ရောက်ကြရပါသည်။

၃။ ကြုံတွေ့လာရမည့် ဘေးကို ရင်ဆိုင်ရန် စဉ်းစားကြရာတွင် လူ့သိက္ခာ၊ လူ့ပိုင်ခွင့်၊ တရားမျှတမှုနှင့် ဒီမိုကရေစီ တန်ဖိုးများကို အခြေခံ စဉ်းစားရမည် ဖြစ်ပါသည်။ အထူးသဖြင့် ပြည်သူအများစုသည် ကပ်ရောဂါ မတိုင်မီကပင် အခြေအနေဆိုးများ၏ ဖိအားအောက်တွင် ရောက်ရှိနေနှင့်ပြီး ဖြစ်သည်ဆိုသည့် အချက်ကို မမေ့လျော့ရန် လိုပါသည်။

၄။ အင်တာနက် ဖြတ်တောက်၍ သတင်းအမှောင်ချခံနေရသည့် သတ္တန္တရကပ်သင့်ဒေသများမှ အရပ်သားပြည်သူများ၊ လူဦးရေသိပ်သည်းမှု၊ ဝန်းကျင်နှင့်တစ်ကိုယ်ရေ သန့်ရှင်းရေး ဆိုးဝါးမှု၊ ကျန်းမာရေး နိမ့်ပါးမှု အန္တရာယ်အောက်တွင် ရွေးချယ်ရာမဲ့ ဘဝရောက်နေသော ဒုက္ခသည်စခန်းအသီးမှ ပြည်သူများ၊ လူ့ပိုင်ခွင့် ပြည်သူ့ပိုင်ခွင့် လှုပ်ရှားမှုများကြောင့် မတရားပုဒ်မများဖြင့် ဖမ်းဆီးခံထားရသူ အကျဉ်းသား ပြည်သူများ၊ အခြားနိုင်ငံများတွင် မပိတ်မိစေရန် အမိနိုင်ငံသို့ အလျင်အမြန် ပြန်လာကြရသည့် ပြည်သူများစွာ၏ ထမင်းရှင် ရွှေ့ပြောင်း အလုပ်သမားပြည်သူများ၊ ကပ်ဘေးကြောင့် အလုပ်လက်မဲ့ဖြစ်ကြရသည့် မိသားစုများ၏ ထမင်းရှင် ကဏ္ဍစုံမှ အလုပ်သမားပြည်သူများ၊ မလုံလောက်သည့် ရင်းမြစ်များဖြင့် ရောဂါန္တရကပ်ကို ထိပ်တိုက်ရင်ဆိုင်ရမည့် ကျန်းမာရေးဝန်ထမ်းပြည်သူများ၊ အိမ်ပြင်မထွက်နိုင်ခြင်း၊ ဝင်ငွေနည်းပါးခြင်းတို့ကြားတွင် အိမ်တွင်းအကြမ်းဖက်မှုများ ပိုမိုတွေ့ကြုံရမည့် အမျိုးသမီးနှင့် ကလေးငယ်ပြည်သူများ၊ နည်းပါးလှသည့် ပင်စင်ဝင်ငွေများဖြင့် ရုန်းကန် ရပ်တည်နေရသည့် အသက်အရွယ်ကြီးရင့်သူ အငြိမ်းစား ဝန်ထမ်းမိသားစု ပြည်သူများစသည့် အခြေအနေတို့ကို လျစ်လျူရှုသည့် ဖြေရှင်းပုံတို့သည် အမှန်တကယ်လုံခြုံမှုဆီသို့ ဦးတည်နိုင်မည် မဟုတ်ပါ။

၅။ ပမာဏ ကြီးမားလှသည့် အရေးပေါ်အခြေအနေများတွင် ပြည်သူများသည် အစိုးရ၏ ကိုင်တွယ်ဖြေရှင်းမှုကို စောင့်မျှော်ရပါသည်။ အစိုးရတို့၏ အရေးပေါ်ကာလ လုပ်ပိုင်ခွင့်အာဏာများ ကြီးမားကျယ်ပြန့်လှကြောင်းနှင့် အကောင်းအဆိုး သက်ရောက်မှုများလည်း ကြီးမားလှကြောင်း နိုင်ငံတကာ အတွေ့အကြုံများအရ မြင်တွေ့ရပြီး ဖြစ်ပါသည်။

၆။ အရေးပေါ်ကာလ အာဏာကျင့်သုံးပုံနှင့် ဖြေရှင်းပုံများသည် လူ့အဖွဲ့အစည်း၏ ပိုင်ခွင့် သိက္ခာနှင့် ဒီမိုကရေစီ တန်ဖိုးများကို ပိုမိုချိနဲ့စေပြီး စီးပွားရေးနှင့်နိုင်ငံရေး အာဏာကို အကျိုးစီးပွား ပတ်သက်သူများက ပိုမို ထိန်းချုပ်ခွင့် ရစေလေ့ရှိတတ်သည့် သဘောသဘာဝကိုလည်း ကျွန်ုပ်တို့ ပူပန်ကြပါသည်။ အထူးသဖြင့် လူနည်းစု၏ ချုပ်ကိုင်ဆုံးဖြတ်မှုမှ မလွတ်မြောက်နိုင်သော နိုင်ငံ၏ ပကတိအခြေအနေကြောင့် ပိုမိုပူပန်ပါသည်။

၇။ ကပ်ဘေး ကျော်လွှန်ရန် ကြိုးပမ်းရာတွင် လူ့ပိုင်ခွင့်၊ လူ့သိက္ခာ၊ ဒီမိုကရေစီနှင့် တရားမျှတမှုတန်ဖိုးများကို အလေးမထားသည့် ဖြေရှင်းပုံများသည် လတ်တလော ဝေဒနာများကို ကြီးမားစေသည်သာမက ရေရှည်တွင် နာလံမထူတော့သည့် အလားအလာကို ဦးတည်စေကြောင်း လေးနက်စွာ သတိပေးလိုပါသည် ။

၈။ ကျွန်ုပ်တို့ ပြည်သူ့အသိုင်းအဝိုင်းများအနေနှင့် လက်နက်ဖြင့် သတ်ဖြတ်သည့် နာတာရှည် သတ္တန္တရကပ်၊ သဘာဝဘေးကြောင့် အစားအစာ ငတ်မွတ်ခေါင်းပါးသည့် ဒုဗ္ဘိက္ခန္တရကပ်များကို လူ့ပိုင်ခွင့်၊ လူ့သိက္ခာ၊ ဒီမိုကရေစီနှင့် တရားမျှတမှု တန်ဖိုးများဖြင့် ကြံ့ခိုင်စွာ ရင်ဆိုင်ခဲ့ကြပါသည်။ ထိုအတွေ့အကြုံများကို အမှတ်ရ အသုံးချကြပါမှ အခက်အခဲများကို ရင်ဆိုင်ရန် အင်အားဖြစ်တည်ပါလိမ့်မည်။

၉။ ရောဂါကူးစက်ခံရသူ၊ ကူးစက်ခံ သံသယရှိသူများကို အန္တရာယ် ရှိသူများအဖြစ် မြင်စေသည့် အပြုအမူအပြောအဆိုများသည် ရောဂါပိုးရှိသူများ၏ လူ့သိက္ခာ လူ့ပိုင်ခွင့်များကို ထိပါးစေရုံမက ကပ်ကျော် ကာကွယ်ရေး လုပ်ငန်းများကို ပျက်ပြား ကျဆုံးစေကြောင်း သင်ခန်းစာများရှိပြီး ဖြစ်ပါသည်။ နှိမ့်ချသတ်မှတ် ပစ်ပယ်ဆက်ဆံမှုသည် လူ့အဖွဲ့အစည်း၏ ရောဂန္တရကပ်ဘေးရန်ကို ပိုမိုဆိုးဝါးစေပြီး လူ့သိက္ခာ လူ့ပိုင်ခွင့် အခြေခံစာနာ နွေးထွေးစောင့်ရှောက်သည့် လူသားအားလုံး အကျုံးဝင်မှုဖြင့်သာ ရောဂန္တရကပ်များကို ကျော်လွှား အောင်မြင်ကြပါသည် ။

၁၀။ ကျွန်ုပ်တို့ အရပ်ဘက်ပြည်သူ့အဖွဲ့အစည်းများသည် COVID-19 ကပ်ဘေး ကျော်လွှန်ရေးအတွက် လူ့ပိုင်ခွင့်၊ လူ့သိက္ခာ၊ ဒီမိုကရေစီနှင့် တရားမျှတမှု တန်ဖိုးများဖြင့် လူမှုဘဝ ပေါင်းစည်းမှု အင်အား (social solidarity) ကို တည်ဆောက်ခြင်းဖြင့် ပါဝင်ကြပါမည်။

**အရပ်ဘက် ပြည်သူ့အဖွဲ့အစည်းများ**

**ဆက်သွယ်ရန်** –

စောမင်းနိုင် 095198822

သတိုးအောင် 09798427109

**ပူးပေါင်းပါဝင်သော အရပ်ဘက်အဖွဲ့.အစည်းများ–**

1. 3Dimension Community Development Group.
2. Action and Learning Community (ALC).
3. Action Group for Farmers Affair (AGFA) (စစ်ကိုင်းတိုင်း).